# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၁ ကျော်ဖန်တီးပေးနိုင်မည့် လုပ်ငန်း (၂) ခုအား ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအတည်ပြု[1]

Posted on 20 June 2019

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်း အဝေးကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ(၁) ၌ ကျင်းပပြုလုပ်ခဲ့ပြီးအစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးလှမိုးအောင်နှင့် အဖွဲ့ဝင် (၇)ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂) ခုကို အတည်ပြုပေးခဲ့ပါသည်။ အထက်ပါလုပ်ငန်း (၂) မှ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၃) သန်းနှင့် ကျပ်သန်း ပေါင်း (၁၀၀) ရှိပြီးပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း (၂၃၁) ဦး ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative

---